# စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ
# အပတ်စဉ်ထုတ်ပြန်ချက်

၂၀၂၁ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့မှ စက်တင်ဘာလ ၅ ရက်နေ့အထိ

**၁၀၄၆+**
သတ်ဖြတ်ခံရ

**၇၈၇၆+**
ဖမ်းဆီးခံခဲ့ရ

**၆၃၂၀+**
ချုပ်နှောင်ခံထားရဆဲ

**၁၉၈၄+**
ဖမ်းဝရမ်းထုတ်ခံရ

# အကျဉ်းချုပ်

အကြမ်းဖက်စစ်ကောင်စီ၏ တပ်သားများသည် စစ်ကောင်စီအပေါ် သစ္စာခံမှုကို စွန့်ခွာပြီး ပြည်သူနှင့်အတူရပ်တည်ကာ နွေဦးတော်လှန်ရေးတွင် ပူးပေါင်းရန် ရွေးချယ်ခဲ့ကြသည်။ စစ်အာဏာသိမ်းသည့်အချိန်မှစ၍ ဗိုလ်မှူးကြီးအဆင့်အပါအဝင် ခန့်မှန်းခြေတပ်သား ၂၀၀၀ ခန့်သည် တပ်မတော်ကို စွန့်ခွာခဲ့ကြသည်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)မှလည်း စစ်ကောင်စီတပ်မှ ထွက်ပြေးလာသူများကို အကာအကွယ်ပေးမည်ဟု ထုတ်ပြန်ကမ်းလှမ်းခဲ့သည်။ စစ်ကောင်စီလက်အောက်မှ ထွက်ပြေးလာသောတပ်သားများသည် လူသတ်သည့် အကြမ်းဖက်စစ်တပ်နှင့် ပတ်သက် ဆက်နွှယ်ရသည်ကို အရှက်ရမိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ တပ်မတော်၏ အင်အားတစ်ခုလုံးနှင့် နိုင်းယှဉ်လျှင် ပြည်သူ့ရင်ခွင်သို့ ပူးပေါင်းလာသည့်အရေအတွက်မှာ နည်းသော်လည်း ၎င်းသည် တိုင်းပြည်၏ လက်နက်ကိုင်တော်လှန်မှုတွင် အစဉ်အလာသစ်ဖြစ်သောကြောင့် သိသာထင်ရှားသည်။

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းစာနယ်ဇင်းအပေါ် နောက်ဆက်တွဲတိုက်ခိုက်မှုများသည် မြန်မာနိုင်ငံ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုင်ခွင့်ကို အားလျော့စေသည်။ Frontier Myanmar မဂ္ဂဇင်း အယ်ဒီတာ Danny Fenster အား အကြောင်းပြချက်မရှိဘဲ ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းထားသည်မှာရက်ပေါင်း ၁၀၀ ကျော်ပြီဖြစ်သည်။ မိသားစုဝင်များမှ Danny Fenster အပါအဝင် ဖမ်းဆီးခံထားရသော သတင်းသမားများကို ပြန်လွတ်ပေးရန် တောင်းဆိုခဲ့သည်။ စစ်အာ ဏာသိမ်းသည့်အချိန်မှစ၍ သတင်းမီဒီယာကို တိုက်ခိုက်ရန် အကြမ်းဖက်စစ်ကောင်စီသည် ဥပဒများကို ပြင်ဆင်ခဲ့သည်။ ပြင်ဆင်ခဲ့သည့်ဥပဒေများတွင်သတင်းသမားများကို နှိပ်ကွပ်သည့် ရာဇသတ်ကြီး ဥပဒေလည်းပါဝင်သည်။ သတင်းသမား၁၀၀ ဦးဖမ်းဆီးခံခဲ့ရပြီး ၄၆ ဦးသည် ဖမ်းဆီးထိန်းသိမ်းခံရဆဲဖြစ်ကာ နှောက်ယှက်တိုက်ခိုက်ခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်း၊ ပြင်းထန်စွာရိုက်နှက်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာတိုက်ခိုက်ခြင်းများကို ခံနေရသည်။ ကချင်ပြည်နယ် ဖားကန့်တွင် နှစ်ပတ်ကြာအင်တာနက်ဖြတ်ပြီးနောက် သတင်းများပြတ်တောက်ခဲ့ပြီး တိုင်းရင်းသားဒေသများတွင် ဆင်ဆာဖြတ်တောက်ခြင်း၏ အကျိုးဆက်ကို ခံစားနေရသည်။

တောင်ကိုးရီးယားသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီကို ထောက်ခံကြောင်းထုတ်ဖော်ပြောဆိုခဲ့ပြီး အကြမ်းဖက်စစ်ကောင်စီကို ပြောင်ပြောင်တင်းတင်း ငြင်းဆန်ကာ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)ကို ထောက်ခံခဲ့သည်။ အကြမ်းဖက်စစ်ကောင်စီတပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် မတရားဖမ်းဆီးမှုများကို အဆုံးသတ်ရန် တောင်ကိုးရီယားအရာရှိများမှ တောင်းဆိုခဲ့သည်။ ဤကာလ အတောအတွင်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် စစ်ကောင်စီမှ တရားစွဲဆိုသည့် ပုဒ်မအမျိုးမျိုးကို ရင်ဆိုင်နေရသည်။ ဖြုတ်ချခံရသော နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် အပါအဝင် တိုင်းဒေကြီးနှင့်ပြည်နယ်မှ ခေါင်းဆောင်များသည် အပြစ်ရှိကြောင်းတွေ့ရှိပါက ထောင်ဒဏ် ၁၅ နှစ်အထိကျခံရနိုင်သည်။ အကြမ်းဖက်စစ်ကောင်စီ၏ ဖမ်းဆီးခြင်း၊ စီးနင်းတိုက်ခိုက်မှုနှင့် သတ်ဖြတ်မှုများကို ဆက်လက်ရင်ဆိုင်နေရသောကြောင့် “မယုံနိုင်လောက်အောင်ဖြစ်နေသည့်အခြေအနေဟု”မိသားစုဝင်များမှ ပြောဆိုခဲ့သည်။

အရပ်သားပြည်သူများကို အကြမ်းဖက်တိုက်ခိုက်မှုများဆက်လက်ဖြစ်ပွားနေပြီး အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးသည် စစ်ကောင်စီ၏အကြမ်းဖက်မှုနှင့် ခြိမ်းခြောက်မှုများကို ရင်ဆိုင်နေရသည်။ စစ်ကိုင်းတိုင်းဒေသကြီးတန့်ဆည်မြို့နယ်ရှိ ကျေးရွာ ၁၀ ရွာသည် အကြမ်းဖက်တပ်၏ စီးနင်းတိုက်ခိုက်မှုကြောင့်ရွာသားများထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ နယ်မြေရှင်းလင်းရေးစစ်ဆင်ရေးတွင် နေအိမ်ပစ္စည်းများ ဖျက်ဆီးခံခဲ့ရပြီး ရွာသားအမြောက်အများ ဖမ်းဆီးခံခဲ့ရသည်။ စီးနင်းတိုက်ခိုက်မှုကြောင့် တန့်တည်မြို့နယ်တွင် ဒေသခံရွာသား(၄) ဦးသေဆုံးခဲ့ပြီး (၃)ဦးပျောက်ဆုံးကာ (၁၂) ဦးဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။ တစ်ခြားသောဖြစ်ရပ်တစ်ခုမှာ မွန်ပြည်နယ်တွင် အသက်(၂၇)နှစ်အရွယ်ကိုယ်ဝန်ဆောင်အမျိုးသမီးသည် ခင်ပွန်းသည်နှင့်အတူ ငါးဖမ်းပြီးအပြန်လမ်းတွင်ပစ်သတ်ခံခဲ့ရသည်။ ပစ်ခတ်မှုသည် ရမ်းသမ်းပစ်ခတ်မှုဖြစ်ပြီး အကြမ်းဖက်စစ်ကောင်စီတပ်တွင် အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်နေမှုသည် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေကြောင်းပြသနေသည်။

# တိုင်းရင်းသားဒေသများရှိ ပဋိပက္ခများ

## ရှမ်းပြည်နယ်

တိုက်ပွဲများကြောင့် ထိခိုက်သေဆုံးမှုနှင့် ရာနှင့်ချီသော အရပ်သားများ ရှမ်းပြည်မြောက်ပိုင်း လားရှိုးသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ဩဂုတ်လကုန်ပိုင်းမှစ၍ ဒေသတွင်း၌ ပဋိပက္ခ ပြင်းထန်လျက်ရှိသည်။ တိုက်ပွဲများကြောင့် အရပ်သား ၈၀၀ ကျော်သည် မုံးကိုးမြို့နယ်တွင် ခိုလှုံလျက်ရှိပြီး တိုက်ပွဲအတွင်း အကြမ်းဖက်တပ်သား အနည်းဆုံး ၁၇ ဦး သေဆုံးခဲ့သည်။ ဒေသခံတို့၏ပြောကြားချက်အရ အကြမ်းဖက်စစ်တပ်သည် လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ပြီး ဒေသခံများသည် လက်နက်ကြီးလာရာလမ်းကြောင်းကို မတွေ့ရှိခဲ့ကြပါ။ လက်နက်ကြီးဖြင့် အပြန်အလှန်ပစ်ခတ်မှုကြောင့် အရပ်သား ၄ ဦး သေဆုံးခဲ့ပြီး တအောင်းရွာတစ်ရွာ မီးလောင်ပျက်ဆီးခဲ့သည်။

ထို့အပြင် မူဆယ်မြို့နယ်တွင် စစ်တပ်မှအလောင်း ၁၇ လောင်းကိုစွန့်ပစ်ထားခဲ့သည်။ သေနတ်ဒဏ်ရာများဖြင့် သေဆုံးနေသော အမျိုးသမီးအလောင်းနှစ်လောင်းကို လည်းတွေ့ရှိခဲ့သည်။

## ချင်းပြည်နယ်

ချင်းပြည်နယ်တွင် လူဦးရေ ၉၅% သည် ခရစ်ယာန်ဘာသာဝင်များဖြစ်ကြပြီး ဘာသာရေး အထိမ်းအမှတ် အဆောက်အအုံများအပြင်ဗုဒ္ဓဘာသာ ဘာသာရေးဆိုင်ရာ ကျောင်းသင်္ခမ်းများကိုပါ ပစ်မှတ်ထားလာသည်။ ခရစ်ယာန်ဘုရားကျောင်းများတွင် အကြမ်းဖက် ဖျက်ဆီးမှုများ၊ ဖောက်ထွင်းမှုများ ဆက်လက်ပြုလုပ်ခဲ့ပြီး ဓမ္မသီချင်းစာအုပ်များ ၊ သမ္မာကျမ်းစာများနှင့် ဘာသာရေးဆိုင်သော ပစ္စည်းများကို ဖျက်ဆီးခဲ့သည်။ ပြီးခဲ့သည့်အပတ် ချင်းပြည်နယ်မင်းတပ်နှင့် ဖလမ်းမြို့နယ်များ အတွင်း  စီးနင်းတိုက်ခိုက်မှုတွင် စစ်ကောင်စီတပ်မှတန်ဖိုးကြီး ပစ္စည်းများ ခိုးယူခြင်း နေအိမ်များ ဖျက်ဆီးခြင်းနှင့် အဖိုးတန်ပစ္စည်းများ ဖောက်ထွင်းယူဆောင်ခြင်းများ ပြုလုပ်ခဲ့သည်။ ဒေသခံရွာခံများ၏အဆိုအရ ဂကောက်ကျေးရွာတွင် အိမ်ခြေ(၅၅) အိမ်အနက်  အိမ်အလုံး (၅၀)မှာ ဖောက်ထွင်းခံခဲ့ရသည်။

## ကရင်ပြည်နယ်

ကရင်ပြည်နယ်တွင် စစ်ကောင်စီတပ်သည် စစ်ကူအများအပြားပို့ကာ စစ်အင်အားဖြည့်ခဲ့သည်။တိုက်ပွဲများသည် မသေချာ မရေရာမှုကို ထပ်မံဖြစ်စေသောကြောင့် အရပ်သားပြည်သူတို့၏ အသက်မွေးဝမ်းကြောင်းကို အန္တရာယ်ဖြစ်စေခဲ့သည်။ တပ်သားများ၊ လက်နက်နှင့်ရိက္ခာများတိုး လာပြီးနောက်အကြမ်းဖက်စစ်ကောင်စီ လုံခြုံရေးတပ်ဖွဲ့နှင့်ကရင်အမျိုးသားအစည်းအရုံး (KNU) တို့တိုက်ပွဲဖြစ်ပွားခဲ့သည်။ အကြမ်းဖက်စစ်ကောင်စီတပ်၊နယ်ခြားစောင့်တပ် (BGF)ပူးပေါင်းတပ်နှင့် ကရင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြား တိုက်ပွဲများသည်အရပ်သားပြည်သူတို့၏ လုံခြုံရေးကို ခြိမ်းခြောက်နေသောကြောင့် ဒေသခံများသည် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

သုံးကြိမ်တိုင်အောင် လွတ်မြောက်ခဲ့သောရွာသားတစ်ဦးမှ “ကျွန်တော်တို့ဘာလုပ်နိုင်မှာလဲ။ တိုက်ပွဲကြားမှာ ကျွန်တော်တို့ အပစ်ခံရမှာကို ကြောက်နေရတယ်” ဟုပြောဆိုခဲ့သည်။

“စစ်အာဏာသိမ်းတာသည် တကယ်ပဲ
အဓမ္မကိစ္စဖြစ်တဲ့ အတွက်ကြောင့်မို့လို့
ငါတို့က ဓမ္မအနေနဲ့ လုံးဝလက်မခံဘူး။
ကိုယ့်ယုံကြည်ချက်အတိုင်း ဒီအဓမ္မကို
ဓမ္မအနေနဲ့ဆက်လက်တိုက်ပွဲဝင်သွားဖို့
ပွင့်ပွင့်လင်းလင်းနဲ့
ရဲရဲတင်းတင်းပြောတယ်။”



ရောဝတီတိုင်းဝန်ကြီးချုပ်ဟောင်း မန်းဂျော်နီ– စစ်ကောင်စီကို လက်နက်ကိုင်ဆန့်ကျင်သည့် အသက် ၈၀ အရွယ် ဝါရင့် ကရင်နိုင်ငံရေးသမားကြီး
*Source: Myanmar Now*

# နေ့စဉ်အလိုက် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ

## သြဂုတ် ၃၀ ရက်နေ့

စစ်ကောင်စီတပ်မှ စစ်သားတစ်ဦးသည် ဗိုလ်ကြီးတစ်ဦးကို ပစ်သတ်ခဲ့ပြီးနောက် သူ့ကိုယ်သူ အဆုံးစီရင်ခဲ့သည်။ ထိုကဲ့သို့ မပြုလုပ်မီအကြမ်းဖက်စစ်ကောင်စီ၏ လိမ်လည်မှုများကို ထုတ်ဖော်ကြွေးကြော်ခဲ့သည်။

## သြဂုတ် ၃၁ ရက်နေ့

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်တွင် ပြည်သူ့ကာကွယ်ရေးတပ် (PDF)၏ တိုက်ခိုက်မှုကြောင့် ဒေသခံ (၉) ဦးအား  စစ်တပ်မှ လူသားဒိုင်းအနေဖြင့် အသုံးပြုခဲ့သည်။

## စက်တင်ဘာ ၁ ရက်နေ့

အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)နှင့် တွေ့ဆုံဆွေးနွေးရန်ကြိုးပမ်းမှုမရှိဘဲ မြန်မာနိုင်ငံဆိုင်ရာ တရုတ်အထူးသံတမန်သည် ၎င်း၏ခရီးစဉ်ကိုအဆုံးသတ်ခဲ့သည်။

## စက်တင်ဘာ ၂ ရက်နေ့

ဖြုတ်ချခံလိုက်ရသော အစိုးရမှ ဦးတေဇနှင့်၎င်းပိုင်ဆိုင်သည့် ထူးထရေးဒင်းကုမ္ပဏီအုပ်စုကို ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှု အပါအဝင် စစ်တပ်၏ စစ်ဆင်ရေးများတွင် ရန်ပုံငွေနှင့် လက်နက်များပံ့ပိုး ကူညီသောကြောင်း ထုတ်ပြန်ကြေငြာခဲ့သည်။

# နေ့စဉ်အလိုက် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ

## စက်တင်ဘာ ၃ ရက်နေ့

ရောင်းအားအကောင်းဆုံး ဒိန်းမတ်ဖက်ရှင် ကုမ္ပဏီမှ စစ်အာဏာသိမ်းသည့်အချိန်မှစ၍ မြန်မာပြည်တွင်းရှိ စက်ရုံများမှ အော်ဒါမှာယူမှုကို ရပ်ဆိုင်းထားသည်ဟု ဒုတိယအကြိမ် ထုတ်ပြန်ကြေငြာခဲ့သည်။

## စက်တင်ဘာ ၄ ရက်နေ့

တောင်ကိုးရီးယားခေါင်းဆောင်များသည် ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်မိုးထွန်းနှင့် အမျိုးသားညီညွတ်ရေးအစိုးရ(NUG) ကိုထောက်ခံကြောင်းကြေငြာခဲ့သည်။ ကုလသမဂ္ဂအထွေထွေညီလာခံ အစည်းအဝေးကို လာမည့် စက် တင်ဘာလ ၁၄ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာ့အရေးကို ထင်ဟပ်စေမည်။

## စက်တင်ဘာ ၅ ရက်နေ့

မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ်မှ လူသားချင်းစာနာထောက်ထားမှုအရ အပစ်ခတ် ၄ လ ရပ်ဆိုင်းရန် တောင်းဆိုခဲ့သည်။




လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

https://nd-burma.org/

https://twitter.com/NDBurma/

https://facebook.com/theNDBurma